# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 22, 2020 | Volume 32, Number 16


**၂၂.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၂ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၉၅၀၀ |
| ဒေါ်လာဈေး | = ၁၃၉၃/- ကျပ် |
| CBM Rate | = ၁၃၉၃.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၉.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၁.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၃.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၉.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၉၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID အလွန်တွင် ဒစ်ဂျစ်တယ်ဈေးကွက်မပြောင်းလဲနိုင်ပါက ရပ်တည်ရေးအခက်ကြုံနိုင်ဟု စီးပွားကူးသန်းဒုဝန်ကြီးပြော

စီးပွားရေးလုပ်ငန်းများ ဒစ်ဂျစ်တယ်ဈေးကွက် မပြောင်းလဲနိုင်ပါက ရပ်တည်ရန် ခက်ခဲလာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ဇွန်လ ၁၉ ရက်က ပြုလုပ်သောအစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။ အစိုးရ၏ COVID ကြောင့် ထိခိုက်ခဲ့သော စီးပွားရေးကဏ္ဍ ပြန်လည်ကုစားရေးအစီအစဉ်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို e-com-merce ဖွံ့ဖြိုးတိုးတက်အောင် တာဝန်ပေးထားကြောင်း MSME ထုတ်ကုန်များဈေးကွက်ရရှိရေး၊ Supply Chain တစ်ခုလုံးတွင် ပါဝင်ရေးဆိုသည့် ထွက်ပေါက်သည် e-Commerce ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ e-com-merce ဖွံ့ဖြိုးတိုးတက်လျှင် MSME ထုတ်လုပ်သူများသည် ပြည်တွင်း၊ ပြည်ပဈေးကွက်များကို လွယ်လင့်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးကဆိုသည်။

COVID သက်ရောက်မှုကြောင့် လုပ်ငန်းအများစုသည် ဒစ်ဂျစ်တယ်နည်းပညာ၏ အရေးပါမှုများကိုသိရှိလာရန်လိုအပ်ပြီး အချို့လုပ်ငန်းများသည် ဒစ်ဂျစ်တယ် နည်းပညာများပြောင်းလဲအသုံးချရန်ဆန္ဒရှိကာ လုပ်ငန်းအချို့ကလည်း လုပ်ကိုင်ရန်ကျန်ရှိနေကြောင်း၊ ယခုခေတ်ကာလအရ ဒစ်ဂျစ်တယ်နည်းပညာ ပြောင်းလဲအသုံးပြုရန်လိုအပ်လာပြီး မလုပ်ကိုင်နိုင်လျှင် မိမိလုပ်ငန်းသည် ကျန်နေခဲ့မည်ဟုဆိုသည်။ COVID အလွန်တွင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ကိုင်မှုပုံစံများ ပြောင်းလဲလာသကဲ့သို့ စားသုံးသူများ၏ လိုအပ်ချက်ပုံစံများပါ ပြောင်းလဲလာသဖြင့် အပြောင်းအလဲနှင့် လိုက်လျောညီထွေမလုပ်ကိုင်နိုင်သည့် လုပ်ငန်းများရပ်တည်ရန် ခက်ခဲလာနိုင်ကြောင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌဒုဝန်ကြီး ဦးအောင်ထူးကပြောသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ တွဲဖက်ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းကလည်း စီးပွားရေးလုပ်ကိုင်လည်ပတ်မှုအဆင့်ဆင့် Digi-talized ဖြစ်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးမှုများလိုအပ်မည်ဖြစ်ပြီး တစ်ဖက်တွင်လည်း e-Payment စနစ်ပိုမိုတွင်ကျယ်လာရေး၊ ဆိုက်ဘာလုံခြုံရေး မြင့်မားရေးအတွက် ထည့်သွင်းစဉ်းစားရမည်ဟုပြောသည်။

**Source:** https://7day.news/detail?id=189637

## ခုနစ်လအတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာသန်း ၃၁၀၀ ကျော်ရှိပြီး မြန်မာဘက်မှ ပို့ကုန်တင်ပို့မှု ဒေါ်လာ သန်း ၁၉၀၀ ကျော်ရှိပြီး ကုန်သွယ်မှုအသာစီးရနေ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီလကုန်အထိ ခုနစ်လအတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာသန်း ၃၁၀၀ ကျော်ရှိပြီး မြန်မာဘက်မှ ပို့ကုန်တင်ပို့မှုတန်ဖိုး ဒေါ်လာသန်း ၁၉၀၀ ရှိကာ ကုန်သွယ်မှု အသာစီး ရနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၅၄၆၅ ဒသမ ၁၇၃ သန်းရှိပြီး မြန်မာဘက်က ပို့ကုန်တန်ဖိုးဒေါ်လာ ၃၂၇၇ ဒသမ ၅၇၅ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၂၁၈၇ ဒသမ ၅၉၈ သန်း တင်သွင်းထားသည်။ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၂၉၅၈ ဒသမ ၀၃၉ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၅၅၉ ဒသမ ၄၅၄ သန်း တင်ပို့ထားကာ ထိုင်းဘက်မှ သွင်းကုန် တန်ဖိုး ဒေါ်လာ ၁၃၉၈ ဒသမ ၅၈၅ သန်း တင်သွင်းထားသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှု ဒေါ်လာ ၅၀၇၄ ဒသမ ၇၀၇ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ၂၈၄၆ ဒသမ ၀၆၆ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၂၂၂၈ ဒသမ ၆၄၁ သန်း တင်သွင်းထားသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှု ဒေါ်လာ ၄၂၈၈ ဒသမ ၁၇၂ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၂၀၂ ဒသမ ၂၃၄ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၂၀၈၅ ဒသမ ၉၃၈ သန်း တင်သွင်းထားသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ သည် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်နှင့်အခွင့်အလမ်း အသစ်များ ဖန်တီးပေးနိုင်ရေးအတွက် အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အရေးတစ်ခု ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကပြောကြားသည်။ အမျိုးသား ပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်း များနှင့် ပြည်တွင်းနှင့်ကမ္ဘာ့စီးပွားရေးဈေးကွက်၌ လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များဖန်တီးမည် ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/179216

## နှစ်ပေါင်း ၃၂ နှစ်အတွင်း မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၈၆ ဘီလျံနီးပါးဝင်ရောက်ထားပြီး စင်ကာပူ၊ တရုတ်၊ ထိုင်းနှင့်ဟောင်ကောင်တို့က အစဉ်လိုက်အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံထား

နှစ်ပေါင်း ၃၂ နှစ်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဒေါ်လာ ၈၆ ဘီလျံနီးပါး ဝင်ရောက်ထားပြီး စင်ကာပူ၊ တရုတ်၊ ထိုင်းနှင့်ဟောင်ကောင်တို့က အစဉ်လိုက်အများဆုံး လာရောက်ရင်းနှီးမြှုပ်နှံထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှု ကော်မရှင် (MIC) မှသိရသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် မေလကုန်အထိ မြန်မာနိုင်ငံ၌ နိုင်ငံပေါင်း ၅၁ နိုင်ငံက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၀၁၅ ခုအထိ လာရောက်ရင်းနှီးမြှုပ်နှံထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၅ ဒသမ ၉၁၄ ဘီလျံအထိရှိကြောင်း မြန်မာနိုင်ငံ ရင်း နှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသည်။ ယင်းအနက် စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းပေါင်း ၃၂၆ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၃ ဘီလျံကျော်ရှိသည်။ စုစုပေါင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းပေါင်း ၄၈၁ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁ ဘီလျံကျော်အထိ ရှိသည်။ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၂၄ ရာခိုင်နှုန်းကျော်ရှိပြီး ဒုတိယအများဆုံး လာရောက်ရင်းနှီးမြှုပ်နှံ ထားခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းပေါင်း ၁၄၁ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၁ ဒသမ ၃၇၆ ဘီလျံ ရှိသည်။ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၁၃ ရာခိုင်နှုန်းကျော်ရှိပြီး တတိယအများဆုံးလာရောက် ရင်းနှီးမြှုပ်နှံထားခြင်း ဖြစ်သည်။ ဟောင်ကောင်၏ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းပေါင်း၂၅၉ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၉ ဒသမ ၆၆၇ ဘီလျံရှိသည်။ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၁၁ ရာခိုင်နှုန်းကျော်ရှိပြီး စတုတ္ထအများဆုံးလာရောက် ရင်းနှီးမြှုပ်နှံ ထားခြင်းဖြစ်သည်။ ၎င်းနိုင်ငံများ၏နောက်တွင် ဗြိတိန်၊ ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ နယ်သာလန်၊ ဂျပန်၊ အိန္ဒိယ၊ ပြင်သစ်၊

အမေရိကန်၊ အင်ဒိုနီးရှား၊ ကနေဒါစသည့်နိုင်ငံများက အစဉ်လိုက်အများဆုံး လာရောက်ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။

ရင်းနှီးမြှုပ်နှံမှုများခွင့်ပြုပေးရာတွင် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သတ္တုတွင်းထွက်လုပ်ငန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုဇုန်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းစသည့်စီးပွားရေးကဏ္ဍ ၁၂ ခု၌ အဓိကခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အစိုးရသစ်လက်တွင် ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် နိုင်ငံ၏သယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲသောကဏ္ဍများထက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ သွင်းကုန်အစားထိုးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းအမျိုးအစားများကို ဦးစားပေးခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့်နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ နှစ် ၂၀ ကြာဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိပြီဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းကို ကာလတိုငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိ)၊ ကာလလတ်ငါးနှစ် (၂၀၂၁-၂၀၂၂ ခုနှစ်မှ-၂၀၂၅-၂၀၂၆ အထိ)၊ ကာလရှည် ၁၀ နှစ် (၂၀၂၆- ၂၀၂၇ ခုနှစ်မှ ၂၀၃၅-၂၀၃၆ အထိ) အသီးသီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/179271

## ဆေးဝါးဈေးကွက် အရောင်းငြိမ် ဈေးငြိမ်

ပြည်တွင်းမှာ တင်သွင်းဆေးဝါးတွေရဲ့ဈေးကွက်က အရောင်းအဝယ်ခပ်ပါးပါးသာရှိနေသလို ဈေးနှုန်းလည်းအတက်အကျမရှိဘဲငြိမ်နေပါတယ်။ ကိုဗစ်နိုင်တီးန်အကျိုးဆက်က တင်သွင်းဆေးဝါးလောကကို ၆၀ ရာခိုင်နှုန်းလောက် ကျဆင်းစေခဲ့တယ်လို့ဆေးဝါးလုပ်ငန်းရှင်အချို့ကဆိုတယ်။ အခုအခါမှာတော့ ဖြည်းဖြည်းချင်း ပြန်တက်လာနေပါတယ်။ သို့ပေမဲ့ အရောင်းအဝယ်ကတော့ ပါးပါးပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်-UMFCCI ဒုတိယဥက္ကဌ ဒေါက်တာမောင်မောင်လေးက " လူတွေလက်ထဲမှာပိုက်ဆံနည်းသွားတာလဲဖြစ်နိုင်တယ်၊ ဆေးရုံဆေးခန်းကို အသွားနည်းသွားကြတာလဲပါမယ်"လို့ ဆေးဝါး အရောင်းပါးရတဲ့အကြောင်းကို သူ့အမြင်ပြောပါတယ်။ ဆေးဝါးတွေဈေးနှုန်းငြိမ်နေတာကတော့ ဒေါ်လာဈေးနဲ့လည်းဆိုင်ပါတယ်။ ဒေါ်လာဈေးနှုန်းက တစ်ဒေါ်လာကို ၁၄၀၀ စွန်းစွန်းမှာငြိမ်နေတာပါ။ ဆေးဝါးနဲ့ဆေးပစ္စည်းအဝင်ကလည်းပင်လယ်ရေကြောင်းကနေ ပုံမှန်ကုန်သွယ်ရေးကတော့ရှိနေပါတယ်။ " ဆေးကပုံမှန်ဘော်လိုင်းနဲ့တော့လာနေပါတယ်၊ အရေးပေါ်ဆေး၊ သတ်မှတ်အပူချိန်မှာထားသိုသယ်ဆောင်ရတဲ့ဆေး၊ အသက်ကယ်ဆေးစတဲ့ဆေးတချို့တော့ ပြတ်ကောင်းပြတ်နိုင်မယ်၊ ကော်မာရှယ်ဖလိုက်မရှိလို့"လို့ဒေါက်တာမောင်မောင်လေးကပြောတယ်။

ပြည်ပက မြန်မာနိုင်ငံသားတွေကို ပြန်ခေါ်တဲ့ကယ်ဆယ်ရေးလေယာဉ် (Cargo) တွေနဲ့အရေးပေါ်ဆေး၊ထိုးဆေး၊ ကာကွယ်ဆေးစတာတွေ တင်ဆောင်သယ်ယူလာဖို့ကလည်း အဆင်မပြေဘူးလို့ဆိုပါတယ်။ ဆေးဝါးအရောင်းအဝယ်က ဆင်ခြေဖုံးမြို့နယ် ရပ်ကွက်လက်လီဆိုင်အချို့မှာလည်း ခပ်ပါးပါးပါပဲ။ ဈေးနှုန်းလည်းမတက်ပါဘူး။ မြောက်ဒဂုံ ၄၃ ရပ်ကွက်က လက်လီဆေးဆိုင်ရှင်တစ်ဦးက "အရောင်းအဝယ်ကပါးနေတာကိုး၊ ကျနော်တို့က ဈေးတက်ရောင်းလို့လဲမရပါဘူး"လို့ပြောပါတယ်။ တင်သွင်းဆေးဝါးလောကက မူလအခြေအနေအတိုင်း ပြန်ဖြစ်ဖို့ကတော့ ၂၅ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းလောက် လိုပါသေးတယ်။ စက်တင်ဘာ၊အောက်တိုဘာလောက်မှာတော့ ပုံမှန်ပြန်ဖြစ်နိုင်မယ်လို့ဆေးဝါးလုပ်ငန်းရှင်တချို့ကခန့်မှန်းတယ်၊ ဒါပေမဲ့ ဆေးဝါးတွေ နှစ်စဉ်ရောင်းအားကျလေ့ရှိတဲ့ ဘာ ၄ ဘာ ဆိုတဲ့ (စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) ကာလဆိုတော့ သေချာပြောဖို့ခက်တယ်လို့ဆိုပါတယ်။ လက်ရှိမှာ ဈေးကွက်ထဲမှာ ဆေးဝါးပြတ်လပ်တာမျိုးတော့ များသောအားဖြင့် မရှိသေးပါဘူး။ "ဆေးဈေးကွက်က ထူးထူးခြားခြားအပြောင်းအလဲမရှိပါဘူး"လို့ အေအေ ဆေးကုမ္ပဏီက ဦးဇော်မိုးခိုင်က ပြောပါတယ်။

**Source:** https://www.kumudranews.com/news-38020

## ရက် ၅၀ အတွင်း ကျပ် ၁၀ သိန်းအထက် ပြန်လည်မြင့်တတ်လာတဲ့ မတ်ပဲဈေးကွက်

ရန်ကုန်ပဲဈေးကွက်အတွင်း မတ်ပဲ(RC) တစ်တန် ဈေးနှုန်းသည် ဇွန် ၁၈ ရက်တွင်ငွေကျပ် ၁၀၀၃၀၀၀ သို့ မြင့်တက်လာပြီး ယခုနှစ် ဧပြီ ၂၇ ရက်မှစ၍ ရက်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် မတ်ပဲ(RC) တစ်တန်ဈေးနှုန်းသည်ငွေကျပ် ၁၀ သိန်းအထက် ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်းနှင့် ယင်းနေ့တွင်မတ်ပဲကုန်သေတ္တာငါးလုံး (တန်ချိန် ၁၂၀) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ မတ်ပဲဈေးသည်ပြီ၂၅ ရက်ကတစ်တန်လျှင် ငွေကျပ် ၁၀၀၄၀၀၀ နှုန်းဖြင့် ၁၀ သိန်း အထက်တွင် နောက်ဆုံးရှိခဲ့ပြီး ပြီ ၂၇ ရက်မှစ၍ ငွေကျပ် ၁၀ သိန်းအောက်သို့ ဈေးကျဆင်းခဲ့ကာ ယင်းနေ့တွင် ငွေကျပ် ၉၈၅၀၀၀ နှုန်းသာရှိခဲ့သည်။ ထိုအချိန်မှစ၍ ငွေကျပ် ၁၀ သိန်းအောက်တွင်သာရှိနေခဲ့ပြီး ဇွန် ၁၈ရက်မှ ငွေကျပ် ၁၀သိန်းအထက် ပြန်ရောက်လာခြင်းဖြစ်သည်။ သို့သော် ဇွန် ၁၉ ရက်တွင် ငွေကျပ် ၁၀ သိန်းသို့ ဈေးပြန်ကျလာခဲ့ပြီး ဇွန် ၁၉ရက်တွင် ကုန်သေတ္တာ ၅၆ လုံး (တန်ချိန် ၁၃၄၄တန်) အရောင်းအဝယ်ဖြစ်ကြောင်း ရန်ကုန်ပဲဈေးကွက်မှသိရသည်။

မြန်မာပြည်တွင်းစားသုံးမှုနည်းသော်လည်း ပြည်ပပို့ကုန်အဖြစ် အများအပြားတင်ပို့နေရသော မတ်ပဲနှင့် ပဲစင်းငုံသည် အိန္ဒိယ နိုင်ငံ၏ ဝယ်လိုအားအပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုများရှိသည်။ ၂၀၁၉ စက်တင်ဘာလဆန်းပိုင်းတွင် အိန္ဒိယနိုင်ငံအတွင်း မိုးရွာသွန်းမှုများခြင်းနှင့်ရေလွှမ်းမှုကြောင့် ကြက်သွန်နီနှင့် ပဲမျိုးစု စိုက်ပျိုးထွက်ရှိမှုအပေါ်ထိခိုက်မှုရှိခဲ့ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်စတွင် မတ်ပဲတန်ချိန် တစ်သိန်းခွဲတင်သွင်းခွင့်ပြုခဲ့ရာမှ လိုအပ်ချက်ရှိလာသဖြင့် ထပ်မံ၍မတ်ပဲတန်ချိန် နှစ်သိန်းခွဲကို တင်သွင်းခွင့်ပြုခဲ့သည်။ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း မတ်ပဲတန်ချိန် လေးသိန်းကို ၂၀၂၁ မတ်လ ကုန်အထိ တင်သွင်းခွင့်ပြုမည်ဟု အိန္ဒိယနိုင်ငံက အသိပေးထားသည်။

ယခုဘဏ္ဍာနှစ်အတွင်း အိန္ဒိယဈေးကွက်သို့မြန်မာနိုင်ငံမှ မတ်ပဲတင်ပို့နိုင်ရန်အချိန်သည် နှစ်လဝန်းကျင်သာ ကျန်ရှိတော့သည့်အတွက် အိန္ဒိယသို့ မတ်ပဲတင်ပို့နိုင်ရန် ရန်ကုန်ပဲဈေးကွက် တွင် မတ်ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်ဟုသိရသည်။ အိန္ဒိယနိုင်ငံဈေးကွက်၏ဝယ်လိုအားကြောင့် မတ်ပဲဈေးနှုန်းများ ပြန်တက်လာသော်လည်း ပြည်ပဝယ်လိုအားရှိသည့်အခြား ပဲတစ်မျိုးဖြစ်သော ပဲစင်းငုံမှာမူ မတ်ပဲကဲ့သို့ အမြင့်ဆုံးဈေးနှုန်းသို့ရောက်မလာသေးဘဲ ဇွန် ၁၈ ရက်တွင် တစ်တန်လျှင် ငွေကျပ် ၇၇၉၀၀၀ နှင့် ဇွန် ၁၉ ရက်တွင် တစ်တန်လျှင် ငွေကျပ် ၇၈၅၀၀၀ ဈေးသာရှိနေသည်။ ဧပြီ ၂၅ ရက်က ပဲစင်းငုံနီ(RC)သည် တစ်တန်လျှင် ငွေကျပ် ၈၁၀၀၀၀အထိအမြင့်ဆုံးဈေးရောက်ခဲ့ပြီး ဧပြီ ၂၇ ရက်တွင် ငွေကျပ် ၈၀၀၀၀၀၊ ဇွန် ၁၃ ရက်တွင် ငွေကျပ် ၇၈၂၀၀၀ နှုန်းရှိခဲ့ကာ လက်ရှိအချိန်အထိ ရက် ၅၀ အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ပြန်မရောက်သေးကြောင်းသိရသည်။

**Source: Myanmar Alinn**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/3075-the-market-is-on-the-rise-again.html

## ကိုဗစ်ကြောင့် ဈေးကွက်အေးနေသော်လည်း ဈေးနှုန်းမကျသည့် အိမ်ခြံမြေဈေးကွက်



မြန်မာနိုင်ငံတွင် မတ်လကုန်ပိုင်းမှစတင်ကာ Covid-19 ရောဂါ ဖြစ်ပွားမှုကြောင့် စီးပွားရေးလုပ်ငန်းများရပ်တန့်ထားခဲ့ရပြီး လူအများ၏ နေထိုင်ရေးအတွက် အရေးပါသောအိမ်ခြံမြေကဏ္ဍ၌လည်း မေလကုန်ခန့်ထိ ဝယ်ယူသူများ မရှိသလောက် ရပ်တန့်သွားခဲ့သည်။ ဇွန်လဆန်းပိုင်းမှစတင်ကာ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာခဲ့ပြီးနောက် အိမ်ခြံ မြေကဏ္ဍတွင်လည်း ပြန်လည်စိတ်ဝင်စားဝယ်ယူလာသူများ ရှိလာခဲ့ကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဝယ်ယူရန် ချိန်းဆိုထားသူများပင် ကိုဗစ်ကြောင့် ဆိုင်းငံ့လိုက်သည်များရှိပြီး အချို့မှာလက်ရှိအချိန်ထိ ဈေးနှုန်းကျဆင်းမည့်အခြေအနေကို စောင့်ကြည့်နေကြဆဲဖြစ်သည်။

အိမ်ခြံမြေအရောင်းအဝယ်များ ရပ်တန့်လုနီးပါး ဈေးကွက်ကျဆင်းသွားခဲ့သော်လည်း အိမ်ခြံမြေဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းသွားခဲ့ခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်မို့မို့အောင်ကပြောသည်။ ''ဝယ်သူတွေကလည်း ဈေးထပ်ကျမလားလို့စောင့်ကြည့်နေကြတယ်၊ ရောင်းသူတွေကလည်း ဈေးပြန် တက်လာမလားလို့ စောင့်ကြည့်နေကြတယ်။ ရောင်းသူအနေနဲ့ကတော့ အရေးပေါ်ငွေလိုနေတဲ့သူကလွဲပြီး ဈေးချပြီး ရောင်းတာမရှိတဲ့အတွက် ရောင်းဈေးကျလာမယ့် အနေအထားတော့မရှိသေးပါဘူး''ဟု ဒေါ်မို့မို့အောင်ကဆိုသည်။ ဖွန်လဆန်းပိုင်းမှ စတင်ကာ ရောင်းဝယ်လာကြသော အိမ်ခြံမြေများတွင် တန်ဖိုးငွေကျပ် သိန်း ၃၀၀ ဝန်းကျင်မှ ကျပ်သိန်း ၁၀၀၀ ဝန်းကျင်တန်ဖိုးရှိ တိုက်ခန်းနှင့် မီနီကွန်ဒိုများ အများဆုံးအရောင်းအဝယ်ဖြစ်နေပြီး အများစုမှာ ဘဏ်ချေးငွေဖြင့် ဝယ်ယူသူများဖြစ်ကြောင်းလည်း ဒေါ်မို့မို့အောင်က ဆိုသည်။

နေပြည်တော်အိမ်ခြံမြေဈေးကွက်တွင် လုံးချင်းအိမ်နှင့်မြေများကို စိတ်ဝင်တစားဝယ်ယူသူများပြားလာပြီး ပြီးခဲ့သည့် နှစ်လနှင့်နှိုင်းယှဉ်ပါက ဈေးကွက်ပုံမှန်လည်ပတ်လာသောအနေအထားသို့ ပြန်လည်ရောက်ရှိနေကြောင်း နေပြည်တော် အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ အတွင်းရေးမှူး ဦးကျော်စွာမြင့်ကဆိုသည်။ ''ရန်ကုန်နဲ့မန္တလေးအပါအဝင် မြန်မာနိုင်ငံက မြို့တော်တော်များများမှာရှိတဲ့သူတွေက ကိုဗစ်ကာလရဲ့ အတွေ့အကြုံတွေကြောင့် အရေးအကြောင်းရှိလာရင် လုံခြုံရေးအရရော၊ စီးပွားရေးအရပါစိတ်ချရတဲ့ နေပြည်တော်မှာလာနေလို့ရအောင် ရင်းနှီးမြှုပ်နှံလာကြတာကိုတွေ့ရပါတယ်''ဟု ဦးကျော်စွာမြင့်ကပြောသည်။ လက်ရှိဈေးကွက်အနေအထားအရ ဈေးနှုန်းများကျဆင်းသွားခြင်းမရှိသေးသော်လည်း တန်ဖိုးသင့် တိုက်ခန်းများသာ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည့် အခြေအနေတွင်ရှိနေပြီး ကိုဗစ်ကြောင့်ကျဆင်းသွားသော အိမ်ခြံမြေ ဈေးကွက်အခြေအနေကို ပြန်လည်ကုစားနိုင်ရန်အတွက် အိမ်ခြံမြေဥပဒေထွက်ရှိလာရန်လိုအပ်ကြောင်း အိမ်ခြံမြေ အကျိုးဆောင်များကဆိုသည်။

အိမ်ခြံမြေဥပဒေကို အတည်ပြုနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့တင်ပြထားပြီး ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီးမှသာ အမျိုးသားလွှတ်တော်သို့ ရောက်ရှိမည်ဖြစ်သည်။ အမျိုးသားလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးမှ မြေပြင်တွင် လက်တွေ့ကျင့်သုံးလာနိုင်မည်ဖြစ်ပြီး ဥပဒေများ ခိုင်ခိုင်မာမာရှိမှသာ ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့်သူများ ဝင်ရောက်လာနိုင်မည် ဖြစ်ကြောင်းလည်း ဒေါ်မို့မို့အောင်ကပြောသည်။ ''နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာပြီး အိမ်ခြံမြေကဏ္ဍတိုးတက်လာဖို့ဆိုရင် ဥပဒေအပြင် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ မြန်မြန်ဆန်ဆန်နဲ့ ဆောင်ရွက်ပေးနိုင်ဖို့လည်း အရေးကြီးပါတယ်''ဟု ဒေါ်မို့မို့အောင်ကဆိုသည်။ လက်ရှိဈေးကွက်အနေအထားအရ ၂၀၂၀ နှစ်ကုန်ခန့်အထိ ပုံမှန် အနေအထားအတိုင်း ဈေးနှုန်းအတက်အကျမရှိနိုင်ဘဲ ရွေးကောက်ပွဲအလွန် ၂၀၂၁ ခုနှစ်တွင် အပြောင်းအလဲများ ရှိလာနိုင်ကြောင်းလည်း ဒေါ်မို့မို့အောင်က ခန့်မှန်းပြောဆိုသည်။

Source: https://myanmar.mmtimes.com/news/140509.html

## ပဲတီစိမ်းဈေးကွက်ကောင်းသော်လည်း သီးနှံအထွက်နည်း၍ စိုက်ပျိုးသူများအမြတ်နည်း



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ပဲတီစိမ်း စိုက်ပျိုးသော တောင်သူများအနေဖြင့် ယခုနှစ် ပဲတီစိမ်းကောက်သိမ်းပြီး ချိန်တွင် ပဲအထွက်နှုန်းနည်းပါးသဖြင့် ယခင်နှစ်များကဲ့သို့ အမြတ်မရရှိကြောင်းသိရသည်။ "ကျွန်တော်တို့နယ်ဘက်က တောင်သူအများစုက ပဲတီစိမ်းစိုက်တာများပါတယ်၊ အရင်နှစ်တွေက ပဲအထွက်များတဲ့အတွက်အမြတ်အစွန်း ပိုခဲ့ပါတယ်၊ အခုနှစ်က ပဲအထွက်နည်းတဲ့အတွက် ဝင်ငွေအရ နည်းပါတယ်၊ ပဲတီစိမ်းသီးနှံက ဈေးကွက်ခိုင်မာတဲ့ သီးနှံဖြစ်တဲ့အတွက် တောင်သူအများအပြား စိုက်ပျိုးလျက်ရှိပါတယ်" ဟု မြင်းမူမြို့နယ် ကန်ဖျားကျေးရွာမှ ပဲတီစိမ်းစိုက်ပျိုးသူ တောင်သူ ဦးမောင်မောင်ကြိုင်က ပြောကြားသည်။

ပဲတီစိမ်းကို ကဆုန်လတွင် စတင်စိုက်ပျိုးခဲ့ကြောင်း၊ ပဲတီစိမ်းတစ်ကေစိုက်ပျိုးရာတွင် ငွေကျပ် ၂၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ပုံမှန် ၁၅ တင်း ထွက်ရှိပါက လက်ရှိပဲဈေးတစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်တွက်ပါက အမြတ်ငွေကျပ်

၁၇၀၀၀၀ ရရှိမည်ဖြစ်ကြောင်း၊ ယခုနှစ်ပဲအထွက်မှာ ၁၀ တင်းခန့်သာရရှိ၍ လက်ရှိပဲဈေးကျပ် ၃၀၀၀၀ ရှိသည့်အတွက် ငွေကျပ် ၃၀၀၀၀၀ သာရရှိပြီး ရင်းနှီးငွေနှင့်တွက်ချက်ကြည့်ပါက အမြတ်နည်းကြောင်းသိရသည်။

Source: https://www.facebook.com/TheMirrorDaily/

## ကျောက်ထုဒေသတွင် ဒေသမျိုးနနွင်းများ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာ



မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့ဒေသတွင် မီးဖိုချောင်သုံးပစ္စည်းဖြစ်သည့် ဒေသမျိုးနနွင်းများ ပိုမိုစိုက်ပျိုးလာကြသည်။ နနွင်းဟုဆိုရာတွင် ဟင်းချက်ရာ၌ ဟင်းခတ်ပစ္စည်းအဖြစ်အသုံးပြုသည့် နနွင်းဝါနှင့်ဆေးဖက်ဝင်နနွင်း ခါးဟူ၍နှစ်မျိုးရှိပြီး နနွင်းဝါကို စီးပွားဖြစ်စိုက်ပျိုးကြခြင်းဖြစ်ကာ နနွင်းခါးကိုမူ တောတောင်များအတွင်း အလေ့ကျပေါက်ရောက်မှုမှ ဆေးဖော်စပ်ရန် သာတူးဖော်ကြသည်။

နနွင်းစိုက်ပျိုးရာတွင် မျိုးတစ်ပိဿာလျှင်ငွေကျပ် ၇၀၀ ဖြင့် ဝယ်ယူ စိုက်ပျိုးကြပြီး တစ်နှစ်လျှင်တစ်ကြိမ် တူးဖော်ရောင်းချကြသည်။ ထိုသို့ရောင်းချရာတွင် နနွင်းအစို တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ ဖြင့် ရောင်းချရပြီး အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချရကြောင်း ပန်းဆန်ကျေးရွာမှ နနွင်းစိုက်တောင်သူ ဦးသန်းဦးထံကသိရသည်။ ယခင်ကာလများက အိမ်၌ စားသုံးရန် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခဲ့ကြရာမှ ယခုအခါ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြခြင်းဖြစ်သည်။ စီးပွားဖြစ်စိုက်ပျိုးရာတွင် စိုက်ပျိုးမည့်မြေကို တူးဖော်၍ မြေဆွေးထည့်ပြီး ကြိုတင်ပြင်ဆင်ထားကြရသည်။ မိုးဦးကျကာလရောက်သည့်အခါ မျိုးဥများကို ပင်ကြားတန်းကြား နှစ်ပေစီခြား၍စိုက်ပျိုးကြသည်။ အပင်များထွားလာသည့်အခါ အပင်ခြေရင်းအား မြေဆွမြေပုံပေးကြရသည်။ နှစ်စဉ် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် တူးဖော်ကြရသည်။ နနွင်းစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုး ပိဿာချိန်၂၀ ခန့်ထည့်သွင်းစိုက်ပျိုးရပြီး အထွက်နှုန်းမှာ တစ်ဧကစိုက်ပျိုးလျှင် ပိဿာချိန် ၅၀၀ ခန့်ထွက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## COVID-19 အလွန် မွေးမြူရေးနှင့်ရေလုပ်ငန်းပြန်လည်ဦးမော့စေရန် ငါးတင်၊ ငါးချ ဆိပ်ခံတံတား လုပ်ငန်းတစ်ခုလျှင် ကျပ်သန်း ၂၀၀ နှင့် ငါး၊ ပုစွန် ပြုပြင်မွမ်းမံထုတ်လုပ်သော စက်ရုံတစ်ရုံလျှင် ကျပ်သန်း ၁၀၀ နှုန်းဖြင့် SME ချေးငွေရရှိရေး တင်ပြထား



COVID-19 အလွန် မွေးမြူရေးနှင့်ရေလုပ်ငန်း ပြန်လည်ဦးမော့စေရန် ငါးတင်၊ ငါးချ ဆိပ်ခံတံတားလုပ်ငန်းတစ်ခုလျှင် ကျပ် သန်း ၂၀၀ နှင့် ငါး/ပုစွန် ပြုပြင် မွမ်းမံထုတ်လုပ်သော စက်ရုံ/ အလုပ်ရုံတစ်ခုလျှင် ကျပ်သန်း ၁၀၀ နှုန်းဖြင့် SME ချေးငွေရရှိရေးအတွက် တင်ပြပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ဇွန် ၁၈ ရက်က ပြုလုပ်သည့် COVID-19 အလွန် ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော် အစိုးရက ထောက်ပံ့ပေးမှုအစီအမံများအပေါ် ရှင်းလင်းဆွေးနွေးပွဲ၌ ယခုကဲ့သို့ ထုတ်ပြန်ထားခြင်းဖြစ်သည်။ COVID-19 အလွန် ငါးမွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေမှ ဆောင်ရွက်မှုများအပြင် ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန် ငါးတင်၊ ငါးချ ဆိပ်ကမ်းများလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဆိပ်ခံတံတား တစ်ခုလျှင် ကျပ်သန်း ၂၀၀ နှုန်းဖြင့် ဆိပ်ခံတံတား ၁၀ ခုအတွက်လည်းကောင်း၊ ငါး/ပုစွန် ပြုပြင်မွမ်းမံထုတ်လုပ်သော စက်ရုံ/အလုပ်ရုံများအတွက် စက်ရုံတစ်ရုံလျှင် ကျပ် သန်း ၁၀၀ နှုန်းဖြင့်လည်းကောင်း SME ချေးငွေရရှိရေးအတွက် တင်ပြထားပြီးဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ထို့ပြင် ငါးဖမ်းရေယာဉ်နှင့်ပတ်သက်၍ ငါးလုပ်ငန်းရာသီ ပြန်လည်ဖွင့်လှစ်ချိန်တွင်

လိုအပ်သော ဆီ၊ ရေခဲ၊ ရိက္ခာ၊ ရေလုပ်သားများနှင့် လှေထွက်စရိတ်တို့အတွက် ရေယာဉ်တစ်စင်းလျှင် ကျပ် ၁၀ သန်းနှုန်းဖြင့် ရေယာဉ်စင်းရေ ၃၁၉၀ အတွက်ကိုလည်း တင်ပြထားကြောင်းသိရသည်။

COVID-19 ရောဂါဖြစ်ပွားသည့် ကာလအတွင်း ရေလုပ်ငန်းကဏ္ဍအောက်ရှိ ရေချို၊ ရေငန်ငါးများ၏ ဈေးနှုန်းများ အထိုက်အလျောက်ကျဆင်းခြင်း၊ ရောင်းအားလျော့နည်းကျဆင်းခြင်း၊ ပြည်ပပို့ကုန်လုပ်ငန်းများ တုံ့ဆိုင်းသွားခြင်းစသည့် အခက်အခဲများကို လုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့ရမှုအပေါ် ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများရှိခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ပြည်ပဝင်ငွေ ရှာဖွေပေးလျက်ရှိသော ငါးလုပ်ငန်းများ မွေးမြူ ဖမ်းဆီး၊ ပြုပြင်ထုတ်လုပ်၊ ဖြန့်ဖြူး ရောင်းချတင်ပို့ခြင်းတို့ကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်ရေးနှင့် COVID-19 အခြေအနေကြောင့် ကြန့်ကြာခြင်းမရှိစေဘဲ လုပ်ငန်းကွင်းဆက်အလိုက် ဟန်ချက်ညီ ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရက ထောက်ပံ့မှုအစီအစဉ်များအပေါ် တာဝန်ရှိသူအသီးသီးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးပမ်းစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

နိုင်ငံတကာ အကူအညီရရှိရေး ဆောင်ရွက်မှုအဖြစ် ဥရောပသမဂ္ဂမှ Budget Support Program ဖြင့် အထောက်အပံ့များ ရရှိရန် ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ် (၃၀) ရရှိပြီး ဧကပေါင်း ၆၈၄၀၀ ကျော်အတွက် တစ်ဧကလျှင် ကျပ် ၄၀၀၀၀ တန်ဖိုးရှိ ငါးသားပေါက်များအား ဖြန့်ဖြူးပံ့ပိုးနိုင်ရန် ညှိနှိုင်းထားကြောင်း၊ အလားတူ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (JICA) မှ COVID-19 ကာလအတွင်း JICA စီမံကိန်းဆောင်ရွက်ခဲ့သည့် ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့နှင့် ပြည်နယ်များမှ မြို့နယ် ၁၈ မြို့နယ်ရှိ တစ်ပိုင်တစ်နိုင် ငါးမွေးကန်များနှင့် ငါးလုပ်ငန်း စခန်းများသို့ ငါးသားပေါက်များ၊ ငါးအစာများ၊ လုပ်ငန်းသုံးပစ္စည်းများ ကူညီပံ့ပိုးပေးနိုင်မည့် အစီအစဉ်များကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇွန် ၅ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာ ၆၇၀ ဒသမ ၁၃၀ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ ဒေါ်လာ ၅၆၉ ဒသမ ၄၁၈ သန်းသာ ရရှိထားသည်။

**Source:** https://news-eleven.com/article/179367

## ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် မျိုးငါးနှင့်ငါးသားပေါက်များထောက်ပံ့နိုင်ရေး နိုင်ငံတော်အစိုးရက ငွေကျပ်သန်း ၆၀၀ ခွင့်ပြုခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် မျိုးငါးနှင့် ငါးသားပေါက်များ ထောက်ပံ့နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ငွေကျပ်သန်း ၆၀၀ ခွင့်ပြုခဲ့ပြီးဖြစ်၍ အချိန်မီထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် မျိုးငါးနှင့်ငါးသားပေါက်များ ထောက်ပံ့နိုင်ရေးအတွက် ငွေကျပ်သန်း ၆၀၀၊ ရေလုပ်သားများ ပင်လယ်ပြင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာသင်တန်းများကို ကမ်းရိုးတန်းဒေသ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ရန် ငွေကျပ်သန်း ၆၀ တို့ကို နိုင်ငံတော်အစိုးရထံ တင်ပြတောင်းခံခဲ့ရာ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ အချိန်မီထောက်ပံ့နိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက အင်တိုက်အားတိုက်ဆောင်ရွက်ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကပြောကြားသည်။

COVID-19 Economic Relief Plan (CERP) တွင် ပါဝင်သည့် Action Plan အရ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် ငါးမွေးမြူသူများအား တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ ငါးမျိုးနှင့်ငါးသားပေါက်များအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဧကတစ်သိန်းခွဲအတွက် ဖြန့်ဖြူးပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက

ဆိုသည်။ COVID-19 ရောဂါဖြစ်ပွားသည့် ကာလအတွင်း ရေလုပ်ငန်းကဏ္ဍအောက်ရှိ ရေချို ရေငန်ငါးများ၏ ဈေးနှုန်းများ အထိုက် အလျောက်ကျဆင်းခြင်း၊ ရောင်းအားလျော့နည်းကျဆင်းခြင်း၊ ပြည်ပပို့ကုန်လုပ်ငန်းများ တုံ့ဆိုင်းသွားခြင်း စသည့် အခက်အခဲများကို လုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုအပေါ် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်း စားသုံးမှုဖူလုံစေရေးနှင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ပြည်ပဝင်ငွေရှာဖွေပေးလျက်ရှိသော ငါးလုပ်ငန်းများ မွေးမြူ ဖမ်းဆီး၊ ပြုပြင်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချတင်ပို့ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးနှင့် COVID-19 အခြေအနေကြောင့် ကြန့်ကြာခြင်းမရှိစေဘဲ လုပ်ငန်းကွင်းဆက်အလိုက် ဟန်ချက်ညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးမှုအစီအစဉ်များအပေါ် တာဝန်ရှိသူအသီးသီးတို့မှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးပမ်းစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

**Source:** https://news-eleven.com/article/179243

## ပြည်တွင်း စက်သုံးဆီသုံးစွဲမှုနှုန်း ၆၀ ရာခိုင်နှုန်းကျော်ပြန်တက်




မြန်မာနိုင်ငံအနှံ့အပြား၌ အသွားအလာကန့်သတ်မှုများ ဖြေလျှော့ပြီးနောက် လက်ရှိတွင် ပြည်တွင်းစက်သုံးဆီ သုံးစွဲမှုနှုန်းသည် ၆၀ ရာခိုင်နှုန်းကျော်ရှိနေကာ ဈေးနှုန်းများလည်း အတက်ဘက်တွင် ဆက်လက်ရှိနိုင်မည်ဖြစ်ကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ "ဒီလကုန်ဆိုရင် စက်သုံးဆီ အရောင်းဈေးကွက်က ပိုများလာနိုင်မယ်။ ကိုဗစ်ကာလမှာ သိုလှောင်ထားတာတွေက ကုန်သလောက်ရှိပြီး လက်ရှိမှာလည်း ဈေးကွက်ထဲမှာ အမှာတွေတက်လာတာရှိတယ်"ဟု ပြည်တွင်းစက်သုံးဆီဖြန့်ဖြူးသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် MK High Class Fuel Distribution၏ စီအီးအို ဦးမင်းအောင်ခန့်ကဆိုသည်။

ပြည်တွင်းစက်သုံးဆီ ဈေးကွက်အတွင်း ယခင်ဆီဈေးနှုန်းကျဆင်းချိန်တွင် စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် ဧပြီလဆန်း၌ ဝယ်ယူသိုလှောင်မှုများရှိခဲ့ရာ လက်ရှိအသွားအလာ ကန့်သတ်မှုများဖြေလျှော့ပြီးနောက် ဇွန်လဆန်းမှစတင်ကာ ဈေးကွက်အတွင်း သုံးစွဲမှုပြန်လည် မြင့်တက်လာခြင်းဖြစ်ကြောင်း ဦးမင်းအောင်ခန့်ကဆိုသည်။ မေလဆန်းတွင် ပြည်တွင်း စက်သုံးဆီဈေးကွက်သည် အရောင်းအဝယ်၃၅ရာခိုင်နှုန်းခန့်သာရှိခဲ့ပြီး ဇွန်လဆန်းတွင် စက်သုံးဆီဈေးကွက် အရောင်းအဝယ်မှာ ၅၀ရာခိုင်နှုန်းထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းစက်သုံးဆီ ဈေးကွက်မှသိရသည်။ လက်ရှိကမ္ဘာ့ရေနံစိမ်း ထုတ်လုပ်သည့်ကုမ္ပဏီများက ထုတ်လုပ်မှုကို ဆက်လက်လျှော့ချသဖြင့် ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းများ အတက်ဘက်တွင် ဆက်လက်ရပ်တည်နေပြီး ယင်းအပေါ်မှီခိုရသည့် ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများလည်း အတက်ဘက်တွင် ရှိနိုင်မည် ဖြစ်ကြောင်း ခန့်မှန်းကြခြင်းဖြစ်သည်။

ဇွန်လ၂၂ ရက်တွင် ပြည်တွင်းစက်သုံးဆီဆိုင်တစ်ခု၏ လက်ကားရောင်းချသည့် ဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ၅၅၀ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာ ၅၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၄၉၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ၆၀၀ ကျပ်၊ အောက်တိန်း ၉၇ တစ်လီတာ ၈၈၀ ကျပ်ဖြင့် ပေါက်ဈေးရှိခဲ့ပြီး ဇွန်လာရက်ဈေးနှုန်းမျာ းထက် တစ်လီတာလျှင် ၅၀ကျပ်အထိ မြင့်တက်လာကြောင်း စက်သုံးဆီဈေးကွက်ထဲမှသိရသည်။ "စက်သုံးဆီးဈေးနှုန်းကတော့ ကမ္ဘာ့ပေါက်ဈေးကို ဝယ်ယူရတဲ့ ဈေးကို ဈေးကွက်ပေါ်အခြေပြုတာဖြစ်လို့ ပြည်တွင်းပေါက်ဈေးက နိုင်ငံတကာဈေးကွက်ပေါ်မှာပဲမူတည်မယ်။ မြန်မာနိုင်ငံ အနေနဲ့လုံးဝကြီးလုပ်ငန်းရပ်ဆိုင်းတာမဟုတ်တဲ့အတွက် ပြည်တွင်းသုံးစွဲမှုတွေက ကိုဗစ်မဖြစ်မီကာလကထက် ၃၅ ရာခိုင်နှုန်း ကျော်လောက် လျော့နည်းနိုင်တယ်"ဟု မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးသူများအသင်း ရုံးအဖွဲ့မှူးဦးဝင်းမြင့်က မြန်မာတိုင်းမ်သို့ မှတ်ချက်ပြုသည်။ Covid-19 မဖြစ်မီကာလ၂၀၂၀ ပြည့်နှစ်မတ် ၇ ရက်ထိ ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ အောက်တိန်း - ၉၂ တစ်လီတာ ကျပ် ၆၆၀၊ အောက်တိန်း- ၉၅ တစ်လီတာ ကျပ် ၇၈၀၊ ဒီဇယ်တစ်လီတာ ကျပ် ၇၂၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၇၃၀ ဖြင့် ရောင်းချခဲ့သည်။

ဇွန်လ ၁ ရက်တွင် ပြည်တွင်း စက်သုံးဆီဆိုင်တစ်ခု၏ လက်ကားရောင်းချသည့်စျေးနှုန်းမှာ ဒီဇယ်တစ်လီတာ ကျပ် ၅၂၀ ၊ ပရီမီယမ်ဒီဇယ် တစ်လီတာကျပ် ၅၃၀ ၊ အောက်တိန်း ၉၂ တစ်လီတာ ကျပ်၄၄၀ ၊ အောက်တိန်း ၉၅ တစ်လီတာကျပ် ၅၆၀ ၊ အောက်တိန်း ၉၇ တစ်လီတာ ကျပ် ၈၇၀ ဖြင့် ပေါက်စျေးရှိခဲ့သည်။ မေလ၁၈ ရက်တွင် စက်သုံးဆီဆိုင်တစ်ခု၏ လက်ကားရောင်းချစျေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၄၇၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာ ကျပ် ၄၈၀၊ အောက်တိန်း ၉၂ တစ်လီတာကျပ် ၃၈၀ ၊ အောက်တိန်း ၉၅ တစ်လီတာ ကျပ် ၅၀၀၊ အောက်တိန်း ၉၇ တစ်လီတာ ကျပ် ၈၁၀ ဖြင့် မေလဆန်းစျေးနှုန်းများထက် တစ်လီတာလျှင် ၇၀ ကျပ်နှုန်း ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/140548.html

## ပြည်တွင်းမှ သရက်သီးခြမ်းများအား အခြောက်ခံပြီး မလေးရှားသို့စမ်းသပ်တင်ပို့ ပြည်ပစျေးကွက်သစ်ရှာဖွေ



ပြည်တွင်းမှ သရက်သီးများအား အရည်အသွေးကောင်းမွန်သော သရက်သီးများကိုရွေးချယ်၍ အလုံးလိုက်ပြည်ပသို့ အရွယ်အစားအမျိုးမျိုး တင်ပို့နေရာ ၎င်းမှ ကျန်သည့်သရက်သီးများ အလေအလွင့်မရှိစေရန် သရက်သီးခြမ်းများအဖြစ် အခြောက်ခံကာ မလေးရှားနိုင်ငံသို့ စမ်းသပ် တင်ပို့မည်ဖြစ်ပြီး စျေးကွက်သစ်ရှာဖွေသွားမည်ဟု မြန်မာနိုင်ငံသရက်သီး အစုအဖွဲ့ဥက္ကဌ ဒေါ်သန်းသန်းဆွေကပြောသည်။

မြန်မာမျိုးရင်း သရက်သီးများအနက် စိန်တလုံးမှာစျေးကွက်ဝင် သရက်သီးဖြစ်ပြီး ကျန်ရှိသောအခြားသရက်မျိုးများအား စက်ာပူနှင့် အခြားပြည်ပနိုင်ငံများသို့ Export အဖြစ် အလုံးလိုက်တင်ပို့နေရာမှ အခြားထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ရန်ဖြစ်သည်။ “အခုက သရက်သီးအခြောက်တွေ အော်ဒါအများကြီးရှိပါတယ်။ Export အတွက် အကောင်းဆုံးရွေးချယ်ပြီးလို့ပစ်လိုက်ရမယ့် သရက်သီးတွေကို သန့်သန့်ရှင်းရှင်းနဲ့ အခြားအမယ်တွေ၊Value Added လုပ်မယ်ဆိုရင် တဖြည်းဖြည်းနဲ့ စိတ်ဝင်စားလာမယ်။ အဲဒီမှာ ပြည်တွင်းကအများကြီးစုဖွဲ့ပြီး တင်ပို့ရောင်းချမယ်ဆိုရင် ပြည်ပစျေးကွက် တစ်ခုရလာမှာပါ။ ခုတော့ သရက်သီးခြမ်း အခြောက်ကို မလေးရှားပို့ဖို့လုပ်နေတယ်” ဟု ၎င်းကပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သရက်သီးမှ အခြားအမယ်များထုတ်လုပ်သည့် အဆင့်မြင့်နည်းပညာများ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း၊ အမှည့်လွန်သရက်သီးများမှ အနှစ်ထုတ်ယူခြင်း၊ သရက်သီးအခြမ်းကို အခြောက်ခံခြင်းနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ပြည်တွင်း၌ ထုတ်လုပ်၍ ပြည်ပတင်ပို့ နိုင်ပါက လေလွင့်ဆုံးရှုံးမှု ကာမိမည်ဖြစ်ကြောင်းဆိုသည်။ “Export သရက်သီးရဖို့ အရည်အသွေးရှိတာက ကားတစ်စီးမှာ ဆယ်ပုံတစ်ပုံလောက်ပဲပါတယ်။အဲဒါကြောင့် လွှင့်ပစ်ရမယ့် သရက်သီးတွေကိုမလွှင့်ပစ်ပဲ ပြည်တွင်းမှာ သရက်ပြင်နဲ့သရက်သီးခြောက်လုပ်တယ်၊ အနှစ်တွေလုပ်တယ်။ အစေ့ကို ပျိုးပင် လုပ်ပြီးပြန်ရောင်းတယ်။ အခွံတွေကိုတော့ မြေသြဇာလုပ်တဲ့နေရာမှာသုံးတယ်။ သရက်မှာပစ်စရာမရှိဘူး”ဟု ၎င်းကဆက်လက် ပြောကြားသည်။

စိန်တလုံးသရက်သီးမှာ တရုတ်နိုင်ငံနယ်စပ်လမ်းကြောင်းသာမက အခြားပြည်ပနိုင်ငံများတွင်လည်း အဓိက စျေးကွက် ဖြစ်နေပြီး အခြားသရက်မျိုးများဖြစ်သည့် ရွှေဟင်္သာ ၊ မချစ်ဆု၊ ပတ္တမြားငမောက်စသည့် အမျိုးအစားများအား ပြည်ပသို့ တင်ပို့ သော်လည်း စျေးကွက်ဝင်မှုနည်းပါးသည်။ “သရက်သီးကနေ သရက်နှစ်လုပ်ပြီးပို့တာ ရှိတယ်။အဲဒါကို စကာၤပူမလေးရှားတို့ ဂျပန်တို့ စတဲ့ ပြည်ပနိုင်ငံတွေ မှာ ရေခဲမုန့်နဲ့ အခြားမုန့်တွေ ထုတ်လုပ်ရာမှာ သုံးကြတယ်။ အနှစ်ကို မလေးရှားပို့ရာက သရက်ခြမ်း အခြောက်တွေ စမ်းပို့မယ်။ သရက်သီးကိုခြမ်းပြီး အခြောက်လုပ်။ နိုင်ငံခြားမှာ ခေတ်စား။ မြန်မာဂျီပီနဲ့ ရပ်ဆောက်က ပုဂ္ဂလိကတစ်ခုနဲ့ဆို ပေါင်း ၃ ဦးလောက်က ပြည်ပပို့နေကြတယ်”ဟု NT Star Group မှ ဒေါ်ဥမ္မာကျော်က ပြောသည်။ လက်ရှိတွင် စိန်တလုံးသရက်သီးများကို အအေးခန်းတွင် ၁၂ ဒီဂရီဖြင့် အအေးခန်း ကွန်တိန်နာတွင် သိုလှောင် ထားရှိကာ ဒူဘိုင်းနိုင်ငံစျေးကွက်သို့ စတင်ထိုးဖောက်သည့်အနေဖြင့် ၃ တန်ကျော်တင်ပို့နေပြီဖြစ်ကြောင်း၊ သရက်သီးအလုံး လိုက် ပြည်ပတင်ပို့မှုတွင် ယခုနှစ်၌ အများဆုံးစံချိန်ဖြစ်ခဲ့ပြီး တန် ၈၀ ခန့်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/140461.html

## အင်ဒိုနီးရှား နဂါးမောက်သီးများ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပြု



မေလ၊ ၂၃ ရက်နေ့က တရုတ်နိုင်ငံအကောက်ခွန်ဌာနချုပ်မှ အင်ဒိုနီးရှားနိုင်ငံမှတင်သွင်းသည့် နဂါးမောက်သီးများအပေါ် ပိုးမွှား ကင်းစင်ရေးဆိုင်ရာတောင်းဆိုချက်ကို ထုတ်ပြန်ခဲ့ကာ ထုတ်ပြန်သည့်နေ့မှ စတင်ကာ ပိုးမွှားကင်းစင်ရေး တောင်းဆိုချက်ဖြင့်ကိုက်ညီသော နဂါးမောက်သီးများကို တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းသိရပါသည်။ အင်ဒိုနီးရှားနဂါးမောက်သီး တင်သွင်းမှုဆိုင်ရာ ပိုးမွှားကင်းစင်ရေးတောင်းဆိုချက်တွင် နဂါးမောက်သီး အမျိုး အစား(၃)မျိုးဖြစ်သည့် အခွံနီအသားခရမ်းနီသီး ၊ အခွံနီအသားနီသီးနှင့် အခွံနီအသားဖြူသီး နဂါးမောက်သီးတို့ကို တင်သွင်းခွင့်ပြုထားကာ အင်ဒိုနီးရှားနိုင်ငံနဂါးမောက်သီးထုတ်လုပ်ဒေသအားလုံးမှ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရှိကြောင်း သိရပါသည်။ ထို့ပြင် တရုတ်နိုင်ငံသို့ တင်ပို့သော နဂါးမောက်စိုက်ပျိုးခြံသည် အင်ဒိုနီးရှားစိုက်ပျိုးရေးဝန်ကြီးဌာန ပိုးမွှား ကင်းစင်စစ်ဆေးရေးဦးစီးဌာန(IAQA)၏ ကြီးကြပ်မှုအောက်တွင် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)ကို အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။ ထို့အနက် သစ်သီးစိုက်ပျိုးခြံ၏သန့်စင်မှုအခြေအနေ၊ ကြွေကျသောအသီးနှင့် စိုက်ပျိုးရာသီကုန်တွင် မကိုက်ဖြတ်ရသေးသောအကိုင်းအခတ်စသည်တို့ပါဝင်ပါသည်။ ထို့အပြင် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး(IPM)များကို လုပ်ဆောင်ကာ ရောဂါနှင့်ဖျက်ပိုးစစ်ဆေးခြင်း၊ ဓာတုပစ္စည်းနှင့် ဇီဝပိုးကောင်ကြိုတင် ကာကွယ်ကုသမှု၊ စိုက်ပျိုးရေးဆိုင်ရာ လုပ်ဆောင်ချက်စသည့် ထိန်းချုပ်မှုများကို ဖော်ဆောင်သွားရမည်ဖြစ်သည်။ ယခုနှစ်၊ ဇန်နဝါရီလ စာရင်းဖော်ပြချက်အရ အင်ဒိုနီးရှား အရှေ့ဂျာဗား၊ အလယ်ဂျာဗားနှင့် ဘာလီကျွန်းဒေသများတွင်ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့် အသိအမှတ်ပြုမှုကိုရရှိထားသည့် နဂါးမောက်သီးစိုက်ပျိုးရေး ခြံပေါင်း (၁၂၉၆၄ ၈.၆၈)ဟက်တာရှိကာ တစ်နိုင်ငံလုံး ထုပ်ပိုးစက်ရုံ(၅)ရုံမှလည်း ဗဟိုအစိုးရ သို့မဟုတ် ဒေသအစိုးရ၏ စားသောက်ကုန်လုံခြုံရေး အဓိကစီမံကြီးကြပ်ဌာန၏ အသိအမှတ်ပြုလက်မှတ်များများရရှိထားကြောင်း သိရပါသည်။

၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ နဂါးမောက်သီးတင်ပို့မှုပမာဏ တန်ချိန်(၇၆)တန်ရှိပြီး တန်ဖိုးအားဖြင့် အမေရိ ကန်ဒေါ်လာ(၁.၄၃)သိန်းရှိကာ စျေးကွက်တွင် မလေးရှား၊ စင်ကာပူ၊ နယ်သာလန်၊ စပိန်နှင့် ဂျပန်နိုင်ငံများသို့ တင်ပို့ထား ကြောင်း သိရှိရပါသည်။

**Source:** asiafuritchina.net

https://www.facebook.com/shweliayarnews/

## စင်ကာပူချန်ဂီလေဆိပ် Terminal 5 တည်ဆောက်ရေးစီမံကိန်းကို အနည်းဆုံး (၂)နှစ်အထိ ရပ်ဆိုင်းထားဖွယ်ရှိ

အနာဂတ်ကာလတွင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၏ မရေရာမှုအခြေအနေများ ကြောင့် စင်ကာပူ ချန်ဂီလေဆိပ် Terminal 5 တည်ဆောက်ရေးစီမံကိန်းကြီးကို အနည်းဆုံး (၂) နှစ်ကြာ ရပ်နားထားရဖွယ်ရှိပြီး၊ စီမံကိန်း၏ အရွယ်အစားနှင့်ပုံစံကိုလည်း ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း၊ ကိုဗစ် ၁၉ ၏ ပြင်းထန်သောရိုက်ခတ်မှုဒဏ်ကို ရင်ဆိုင်နေရသော ဤလုပ်ငန်းကဏ္ဍ၏အလားအလာများကို လေ့လာစိစစ်သုံးသပ်မှုပြုလုပ်ပြီးမှသာ အခြေအနေပေါ်မူတည်၍ စီမံကိန်းကို ပြန်လည်စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီး Khaw Boon Wan က ပြောကြားခဲ့ပါသည်။

ချန်ဂီလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍသည် စင်ကာပူ၏ GDP ကို ၅ ရာခိုင်နှုန်း ကျော်အထိ ပံ့ပိုးပေးလျက်ရှိပြီး၊ လုပ်သား ၁၉၂,၀၀၀ ခန့်ကို အလုပ်အကိုင်ဖန်တီးပေးထားပါသည်။ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ဗဟိုဌာနတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်အတွက် စီမံကိန်းများတိုးချဲ့ဆောင်ရွက်လျက်ရှိရာ ချန်ဂီလေဆိပ် Terminal 5 ကို မူလအစီအစဉ်အရ ၂၀၃၀ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ပါသည်။ လက်ရှိ ချန်ဂီလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် သန်း ၈၀ ဦးအထိ ဝန်ဆောင်မှုပေးနိုင်ပြီး၊ တစ်နှစ်လျှင် ခရီးသည် သန်း ၅၀ အထိ ဝန်ဆောင်မှုပေးနိုင်မည့် Terminal 5 စီမံကိန်းကြီး ပြီးဆုံးပါက

ချန်ဂီလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ၁၃၅ သန်းအထိ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ပါသည်။

ကိုဗစ် ၁၉ ဖြစ်ပွားမှုကြောင့် ဧပြီလအတွင်း ချန်ဂီလေဆိပ်သို့ ခရီးသည် ၂၅,၂၀၀ ဦးသာ ဖြတ်သန်းသွားလာမှုပြုလုပ်ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် ၉၉.၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ ခရီးသွားလာသူတစ်ရှိန်ထိုးကျဆင်းခဲ့ခြင်းကြောင့် မေလ ၁ ရက်နေ့မှစ၍ Terminal 2 အား ပြုပြင် မွမ်းမံမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ၁၈ လအထိ ပိတ်ထားမည်ဖြစ်ပြီး၊ မေလ ၁၆ ရက်နေ့မှစ၍ Terminal 4 ကိုလည်း ယာယီပိတ်ထားရပါသည်။

**Source:** The Straits Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦးချင်းဝင်ငွေ (Per Capita Income) သည် ဆယ်စုနှစ်တစ်ခုအတွင်း အကြီးမားဆုံးသောကျဆင်းမှုသို့ ဦးတည်ဖြစ်ပေါ်နေသည့် အခြေအနေတင်ပြခြင်း

အမေရိကန်-တရုတ် ကုန်သွယ်ရေးအငြင်းပွားမှုကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ ကိုရီးယားဝမ်ငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာတန်ဖိုးထက် ကျဆင်းမှုများဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံရှိ လူတစ်ဦးချင်းစီ၏ စုစုပေါင်းအမျိုးသားဝင်ငွေ (Nation's Per Capital Gross National Income)သည် ဆယ်စုနှစ်တစ်ခုတာကာလအတွင်း အကြီးမားဆုံးသော ကျဆင်းမှုကို ဖြစ်ပေါ်ခဲ့ကြောင်း Bank of Korea (BOK) ၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လဆန်းတွင် ဖော်ပြချက်အရ သိရှိရပါသည်။

လူတစ်ဦးချင်းစီ၏ စုစုပေါင်းအမျိုးသားဝင်ငွေ (GNI per Capita) သည်ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၃၂,၁၁၅)ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ်ထက် (၄.၃) ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ကမ္ဘာလုံးဆိုင်ရာငွေကြေးအကျပ်အတည်းကာလတွင် (၁၀.၄) ရာခိုင်နှုန်းကျဆင်းခဲ့သည့် ၂၀၀၉ ခုနှစ်ကနှုန်းထက်ပင်ပိုမိုသည့် အကြီးမားဆုံးသောကျဆင်းမှုဖြစ်ခဲ့ကြောင်း၊ ယခုကဲ့သို့ GNI Per Capita ကိန်းဂဏာန်း၏ကျဆင်းမှုသည် ၂၀၂၀ ပြည့်နှစ်တွင်ပါ COVID-19 ရိုက်ခတ်မှု၏ကျိုးဆက်အဖြစ် နိုင်ငံတွင်းနှင့်ပြည်ပသက်ရောက်မှုများကြောင့် အမေရိကန်ဒေါ်လာ (၃၀,၀၀၀) အောက်သို့ပင်ကျဆင်းလာနိုင်ကြောင်းနှင့် ကမ္ဘာ့ကပ်ရောဂါကပြည်တွင်းစီးပွားရေးကို ပြင်းထန်စွာရိုက်ခတ်ကာ ပြည်ပပို့ကုန်နှင့်ပုဂ္ဂလိကသုံးစွဲမှုများတွင်ပါ သိသာစွာကျဆင်းသွား နိုင်ကြောင်း ဖော်ပြထားပါသည်။

ဗဟိုဘဏ် Bank of Korea (BOK) က ၂၀၂၀ ပြည့်နှစ် တစ်နှစ်ပတ်လုံး ကိုရီးယားဝမ် တန်ဖိုးသည် အမေရိကန်ဒေါ်လာတန်ဖိုးထက် ၅ ရာခိုင်နှုန်းထက်ပိုမိုကျဆင်းနေပါက ယခုခန့်မှန်း ချက်မှာဖြစ်နိုင်ကြောင်းနှင့် ကိုရီးယားဝမ်မှ အမေရိကန်ဒေါ်လာသို့ ငွေလဲလှယ်နှုန်းမှာ နှစ်ကုန်အထိ အမေရိကန်(၁)ဒေါ်လာလျှင် (၁၂၅၀ ဝမ် မှ ၁၂၆၀ ဝမ်)အတွင်းတွင် ရှိနေသင့်ကြောင်း၊ အကယ်၍ စီးပွားရေးကျဆင်းမှုကိုကာကွယ်ရန် ငွေကြေးဆိုင်ရာမူဝါဒပြောင်းလဲမှုလုပ်ငန်းစဉ်များကို အစိုးရကထပ်မံ၍လုပ်ဆောင်ခဲ့လျှင် GNI ကျဆင်းမှုသည် အမေရိကန်ဒေါ်လာ (၂၀,၀၀၀) ဝန်းကျင်ထိ ရောက်နိုင်မည့် အနေအထားများနည်းပါးသွားနိုင်မည်ဟု ပြည်တွင်းစီးပွားရေးပညာရှင်များက သုံးသပ်ထားကြကြောင်း သိရှိရပါသည်။

အစိုးရက Gross National Income (GNI) ကို အမေရိကန်ဒေါ်လာ (၃၀,၀၀၀) အထက်ဖြစ်စေရေးထိန်းသိမ်းရန် ငွေကြေးဆိုင်ရာမူဝါဒများထပ်တိုးမိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် ငွေကြေးဆိုင်ရာလုပ်ပိုင်ခွင့်ရှိသူများက COVID-19 ကြောင့် ထိခိုက်နေသော ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူများအား နောက်ထပ်အရေးပေါ်ကုစားရေး ရန်ပုံငွေများကို ခွင့်ပြုပေးနိုင်ကြောင်း Korea Capital Market Institute မှ စီးပွားရေးပညာရှင် Noh San-ha ကပြောကြားခဲ့ပါသည်။ ဗဟိုဘဏ်ကလည်း GDP သည် ၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလပတ်ကာလအတွင်း (၁.၃) ရာခိုင်နှုန်း ကျဆင်းသွား ခဲ့ပြီး၊ ၂၀၀၈ ခုနှစ်၏ စတုတ္ထသုံးလပတ်ကာလတွင် ၃.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးသည့်နောက် အကြီးမားဆုံးသော ကျဆင်းမှုပင် ဖြစ်ကြောင်း၊ ထိုသို့ကျဆင်းခဲ့ခြင်းမှာ ကပ်ရောဂါကြောင့် ပို့ကုန်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍသုံးစွဲမှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ကျဆင်းမှုများကြောင့်ဖြစ်ကြောင်း Bank of Korea ကပြောကြားထားသည်။ ဝန်ဆောင်မှုကဏ္ဍသည် COVID-19 ကြောင့် အထိခိုက်ခံရဆုံးသောကဏ္ဍများတွင်တစ်ခုပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍတွင် သယ်ယူပို့ဆောင်ရေး၊ အစားအစာ၊ လက်လီကုန်စည်ရောင်းဝယ်ရေး လုပ်ငန်းများပါဝင်ပြီး၊ ထိုကဏ္ဍများသည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မတ်လတို့အတွင်းတွင် အနီးစပ်ဆုံး

သုံးလပတ်ကာလနှင့်နှိုင်းယှဉ်ပါက (၂.၄) ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

သို့ဖြစ်၍ ဒုတိယသုံးလပတ်တွင် GDP သည်ပိုမိုကျဆင်းနိုင်ကြောင်း ဗဟိုဘဏ် Bank of Korea (BOK) က ခန့်မှန်းထားရာ၊ လက်ရှိအနေအထားမှသည် နောက်ထပ် (၂) ရာခိုင်နှုန်း ထပ်မံ ကျဆင်းသွားနိုင်ကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလနှင့် ဇွန်လအတွင်း GDP အခြေအနေ များက ပို့ကုန်တင်ပို့နိုင်မှုနှင့် အစိုးရ၏စီးပွားရေးပြန်လည်တည့်မတ်ရန် ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှု များ တိုးချဲ့ဆောင်ရွက်ပေးနိုင်မှုတို့အပေါ်တွင်မူတည်နေမည်ဖြစ်ကြောင်း၊ ထို့ပြင် အမေရိကန် -တရုတ် ကုန်သွယ်ရေးအငြင်းပွားမှုဆိုင်ရာကိစ္စ၏ တိုးတက်မှုအခြေအနေများက ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အလားအလာပေါ်တွင်သက်ရောက်မှုရှိသည်ကိုလည်း သတိမူရန်လိုအပ်ကြောင်းစသည်ဖြင့် ဗဟိုဘဏ် Bank of Korea (BOK)၏ စီးပွားရေးဆိုင်ရာစာရင်းအင်း ဗျူရို၏ ညွှန်ကြားရေးမှူး Park Yang-soo က ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**Source: The Korea Times, Bank of Korea (BOK)**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## STOCK EXCHANGE (22.6.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 22nd Jun. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 11,000 | 11,000 | 10,500 | 1,657 | 17,475,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,800 | 3,850 | 3,800 | 3,390 | 12,882,150 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,100 | 8,100 | 8,100 | 18 | 145,800 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 587 | 13,501,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,850 | 2,850 | 2,750 | 3,041 | 8,465,800 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 155 | 418,500 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.94 | +7.28 | +1.62% | 455.50 | 455.94 | 445.96 | 8,848 | 52,888,250 | 6 | 678,425 |

**Index chart**



## Market Overview

As of 1:00 pm, 22nd Jun. 2020

| MYANPIX | 455.94 ▲ 7.28 |
|---|---|
| Total Volume (shares) | 8,848 |
| Total Value (MMK) | 53 mil |
| Listed Company | 6 |
| Market Cap. (MMK) | 678,425 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,100 | ▼ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 0 |

TIR